# နိဒါန်း

စင်စစ်သော် ကျွန်ုပ်သည် ဤ"သူ့လိုလူ" ဒုတိယတွဲအတွက် နိဒါန်းတစ်ခု စာပြုရေးသားနေဖို့ရန်ပင် မလိုတော့ပေ။ "သူ့လိုလူ" သည် အဘယ်ပုဂ္ဂိုလ် ဖြစ်၍ "သူ့လိုလူ" အား ကလောင်ဖြင့် ပုံတူရေးဆွဲ၍ ပြနေသူ ဂျာနယ် ကျော်မမလေးသည်လည်း မည်သူမည်ဝါဖြစ်သည်ဟူသော အကြောင်း များကား "သူ့လိုလူ" ပထမတွဲ၌ပင် ထင်ရှားပေါ်လွင်ခဲ့လေပြီ။ ဤစာအုပ်ကို မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သည့်တွက်တာကြောင့် ရေးသားထုတ်ဝေ ရသည်ဆိုသည့်အကြောင်းကိုလည်း ဂျာနယ်ကျော်မမလေးသည် ဤ စာအုပ် ပထမတွဲ၌ပင် ရေးသားရှင်းလင်း၍ပြခဲ့ပေပြီ။ သို့ဖြစ်လျှင် ကျွန်ုပ် သည် ဤစာအုပ်အတွက် အဘယ်သို့သောရှင်းလင်းချက် အချီးနိဒါန်းကို ရေးသားဖော်ပြရပါအံ့နည်း။ လိုအပ်ပါသေးသလော။

ဤစာအုပ်အတွက် ရှင်းလင်းချက် အချီးနိဒါန်းကား အမှန်ပင် တစ် စောင်တစ်ဖွဲ့ ရှည်ရှည်လျားလျားရေးသားနေဖို့ရန် မလိုအပ်တော့ပေ။ ပထမတွဲကို ဖတ်ရှုပြီးစီးခဲ့ပြီး ဖြစ်သူတိုင်းပင် မြန်မာပြည်တွင် တစ်ခါက ခေါင်းဆောင် သတင်းစာကြီးတစ်စောင်၏ အယ်ဒီတာချုပ်ဖြစ်ခဲ့သော ဂျာနယ်ကျော် ဦးချစ်မောင်၏အယ်ဒီတာဘဝ၊ ဦးချစ်မောင်၏ဆန်းကြယ် သော နဖူးစာ၊ ဦးချစ်မောင်၏ ထူးခြားသော စိတ်နေသဘောထား စသည်



တို့ကို ဖတ်ရှုသုံးသပ်ခဲ့ကြရပြီးပေသည်။ ပထမတွဲတွင် ဂျာနယ်ကျော် မမလေးသည် ဦးချစ်မောင်၏လူပျိဘဝကို သူ၏လွတ်လပ်သော ဘဝမှ လှမ်း၍မြင်ရပုံကို ရေးသားခဲ့ပေသည်။

အအိပ်မမှန်၊ အစားမမှန်သဖြင့် အသားအရေခြောက်ခန်းလျက် မျက် တွင်း မျက်ချောင်ကျနေသော လူပျိုအယ်ဒီတာချုပ်တစ်ဦးသည် သူအလုပ် လုပ်လျက်ရှိသော သတင်းစာတိုက်ကြီးအား သူ၏တစ်ကိုယ်လုံးကို အပ်နှံ လျက်၊ သူ၏ဦးနှောက်မှ ယိုစိမ့်၍ထွက်သောအခိုးအလျှံဖြင့် သူ၏တိုင်းပြည် ကို ပူဇော်လျက်ရှိနေစဉ် သူနှင့်တစ်ခါဖူးမျှ မျက်နှာချင်း မဆိုင်ဖူးသော မိန်းမပျိုတစ်ဦးသည် သူ့မျက်မှောက်၌ ဘွားခနဲပေါ်လာကာ သူ၏အကျင့် လွန်မှုကို ကြေးမုံဖြင့် ပြပြီးနောက် မလျော့မတင်းသော စောင်းသံကို တီးပြ ခဲ့လေသည်။

အယ်ဒီတာချုပ်သည် ထိုစောင်းသံရှင်ကြောင့် သူ၏ဘဝကို သူပြန်၍ မြင်လာလေသည်။ စောင်းသံရှင်ကို သူအလွန်ကျေးဇူးတင်လေသည်။ သူ သည် ကျေးဇူးတင်လွန်းသဖြင့် စောင်းသံရှင်နှင့်အနီးစပ်ဆုံးသော ဘဝသို့ ရောက်အောင် အရကြိုးပမ်းခဲ့လေသည်။ အယ်ဒီတာချုပ်သည် စောင်းသံ ရှင်ကို ရခဲ့လေသည်။

ဂျာနယ်ကျော်မမလေးသည် စောင်းသံရှင်အဖြစ်ဖြင့် ဂျာနယ်ကျော် ဦးချစ်မောင်အား အကျင့်လွန်နေသော အယ်ဒီတာမျိုးချစ်ကြီးဘဝမှ လမ်း မှန်သို့ရောက်အောင် မည်သို့ဆွဲဆောင်ခဲ့ပုံများသည် "သူ့လိုလူ" ပထမတွဲ တွင် စိတ်ဝင်စားဖွယ်ရာ ဖော်ပြပြီးဆုံးခဲ့ပြီ ဖြစ်ပေသည်။

ယခုဒုတိယတွဲတွင် ဦးချစ်မောင်၏အိမ်ထောင်သည်ဘဝမှသည် ကွယ်လွန်သည့် အချိန်အထိ ဂျာနယ်ကျော်မမလေးသည် ဦးချစ်မောင်၏ အနီးစပ်ဆုံးသောနေရာ၌ရောက်နေသည့် ဇနီးသည်ဘဝမှမြင်ရပုံကို အဆုံး သတ်စာပန်းချီရေးဆွဲ၍ ပြလိုက်ခြင်းဖြစ်ပေသည်။

ဤစာပန်းချီကားကြီးတွင် ကွယ်လွန်သူ ဦးချစ်မောင်ရုပ်သွင်သည် အသက်ထင်ရှားရှိစဉ်ကနှင့်မခြား ထင်ရှားပေါ်လွင်လာသည်ကို တွေ့မြင် ရမည်ဖြစ်သကဲ့သို့ သူ့အခန်းနှင့်သူ့အခန်း။ အကွက်ကျ အချက်ကျ ဖွင့်ကာ ဖွင့်ကာပြလိုက်သော ဦးချစ်မောင်ဗဟုသုတ ပိဋကတ်တိုက်အတွင်းမှ အဖိုး



တန်မှတ်စုမှတ်ရာ ပဒေသာမျိုးစုံကိုလည်း မှတ်သားဖတ်ရှုကြရလိမ့်မည် ဖြစ်ရကား၊ ဤစာအုပ်သည် တိုင်းပြည်အတွက် ပညာရွှေအိုးကြီးတစ်လုံး ကိုလက်ဆောင်ရသကဲ့သို့သာ ဖြစ်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပေ သတည်း။

**၁၃၀၉ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့ ဂုဏ်ရောင်**

**အယ်ဒီတာ၊ ဂျာနယ်ကျော်**

**(သူ့လိုလူ၊ (ဒုတိယတွဲ) ပထမနှိပ်ခြင်း ဂျာနယ်ကျော်ပုံနှိပ်တိုက်၊ အောက်တိုဘာ ၁၉၄၇)**